ကရင်အမျိုးသားအစည်းအရုံး(KNU/KNLA),ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP/KA)
နှင့် ချင်းအမျိုးသားတပ်ဦး (CNF/CNA) တို့၏

## ပူးတွဲထုတ်ပြန်ကြေညာချက်(၂/၂၂)

၁။ ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့တွင် စစ်ကောင်စီ၏ အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ တိုင်းရင်းသားခုခံတော်လှန်ရေး အဖွဲ့အစည်းတို့၏ ခေါင်းဆောင်များအား ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးဆွေးနွေးရန် ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ပြောကြားသည်ကို ကြားသိရပါသည်။

၂။ ပြည်ထောင်စု၏ ပြဿနာကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုဖြင့် အဖြေရှာရေးသည် မိမိတို့တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များမှ အစဉ်တစိုက်တောင်းဆိုခဲ့သည့် တောင်းဆိုချက်ပင် ဖြစ်ပါသည်။ သို့ရာတွင် လက်ရှိတိုင်းပြည်မှ ရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံရေးအကြပ်အတည်းများကို တွေ့ဆုံဆွေးနွေးအဖြေရှာမည်ဆိုပါက ပါဝင်သင့်သော stakeholders များအားလုံး ပါဝင်ရန်နှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့မှ ကြားဝင်စောင့်ကြပ်ပေးသည့် မျှတသော တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းအမှန် ဖြစ်ပေါ်လာမည်ဖြစ်ပြီး အဆိုပါ တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်းမှ တဆင့် မိမိတို့မျှော်မှန်းသော ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံကို တည်ဆောက်သွားနိုင်မည် ဖြစ်သည်။

၃။ ထို့ကြောင့် စစ်ကောင်စီ၏ လက်ရှိထိုးစစ်ဆင်နေမှုများအား အမြန်ဆုံးရပ်တန့်ပြီး ပါဝင်သင့်ပါဝင်ထိုက်သော stakeholder များ အားလုံးပါဝင်လျက် အဓိပ္ပါယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးမှုကို ဖော်ဆောင်ရန်အပြင် နိုင်ငံတကာလူမှုအဖွဲ့အစည်းများမှ စစ်ဘေးသင့် ပြည်သူလူထုများအား လွတ်လပ်စွာ လူမှုကူညီထောက်ပံ့မှုအား ဆောလျင်စွာ ဖိတ်ခေါ်ခွင့် ပြုသွားရန် ထုတ်ပြန်အပ်ပါသည်။

နေ့စွဲ။ ၂၀၂၂ ခုနှစ်၊မေလ (၉)ရက်

ဆက်သွယ်ရန်


(၁) ပဒိုစောတော်နီး (KNU) ဖုန်း - +၆၆၆၃ ၀၂၀၂၄၁၁

(၂) ခွန်နယ်ဖလိုး (KNPP)ဖုန်း - +၆၆၉၈ ၇၅၇၂၃၀၉

(၃) ဆလိုင်းထက်နီ (CNF) ဖုန်း - +၉၁၆၉ ၀၉၇၅၁၇၂